## ဘောလုံးဆင်းကန်နေကြပြီ

စိတ္တဇဆေးရုံတစ်ခုဟာ လူနာတွေကိုလေယာဉ်နဲ့ တင်ဆောင်လာပြီးတော့ အခြားဆေးရုံတစ်ခုကို ပြောင်းပါတယ်။ ဆရာဝန်ကတော့ လေယာဉ်မှူးခုံမှာ ထိုင်နေပါတယ်။ အဲဒီမှာ လေယာဉ်ထဲကနေ အသံတွေကို ဆူညံနေအောင် ကြားရပါတယ်။ ဆရာဝန်က အရှူးခေါင်းဆောင်ကို ဘဲလ်နှိပ်ပြီး လှမ်းခေါ်လိုက်တယ်။

"ဘာလုပ်နေကြတာလဲ၊ ဆူညံနေတာပဲ "

"ဘောလုံးကန်နေကြတာပါ ဆရာ"

"ဟာ.. လေယာဉ်ပေါ်မှာ ဘောလုံးမကန်ရဘူးဆိုတာ မသိဘူးလား..၊ သွားပြောလိုက်စမ်း"

"ဟုတ်ကဲ့ပါဆရာ"



အရူးခေါင်းဆောင် ထွက်သွားလေသည်။ ခဏနေတော့ ဘာသံမှမကြားရတော့။ ဆရာဝန်သည် သဘောကျသွားသည်။ ဘဲလ်နှိပ်ပြီး အရူးခေါင်းဆောင်ကို လှမ်းခေါ်လိုက်သည်။

"မင်း ဘယ်လိုထိန်းလိုက်တာလဲ။ တိတ်ဆိတ်သွားတာပဲ"

"ဆရာပဲ လေယာဉ်ပေါ်မှာ ဘောလုံးမကန်ရဘူးဆို။ အဲဒါနဲ့ ကျွန်တော်လည်း လေယာဉ်တံခါးပေါက်ကို ဖွင့်ပေးလိုက်တာ အခု သူတို့ အကုန်အောက်ဆင်းပြီး ဘောလုံးကန်နေကြပြီ"

○

